ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၃၆/ ၂၀၂၀

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

( ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက် )

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ- ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## အသုံးပြုပြီး စက်ပစ္စည်း ( Used Machine ) များ တင်သွင်းခွင့်ပြုခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အငယ်စား၊ အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်းများအပါအဝင် စက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင် ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သက်သာစေရန် ၂၀၁၅ ခုနှစ်မှစ၍ နှစ်အလိုက်တင်သွင်းခွင့်ပြုခဲ့သည့် ပြုပြင်ထားခြင်းမရှိသော တိုက်ရိုက်အသုံးပြုနိုင်သည့် အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များကို အထူးကိစ္စရပ်အနေဖြင့် တင်သွင်းခွင့်ပြုလိုက်သည်။

၂။ ပြည်တွင်းတွင် အသုံးမတည့်သော စက်ပစ္စည်းများ စုပုံနေခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်ပေါ်စေရန်နှင့် လုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုစွမ်းရည် တိုးတက်စေရန် ရည်ရွယ်၍ အသုံးပြုပြီးသည့်နှစ် ၁၀ နှစ် ထက်မပိုသော အသုံးပြုပြီးစက်ပစ္စည်းများကို တင်သွင်းလိုသော လုပ်ငန်းရှင်များသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရမည်-

(က) တင်သွင်းမှုအထောက်အထားဖြစ်သော ကုန်အမှာလွှာ (Invoice) သို့မဟုတ် အရောင်းအဝယ်စာချုပ် (Sale Contract) တွင် စက်ပစ္စည်း၏ စံချိန်စံညွှန်း အပြည့်အစုံကို အောက်ပါအတိုင်း ဖော်ပြရမည်-

(၁) အမှတ်တံဆိပ် (Brand Name)

(၂) စက်စွမ်းရည် (Capacity)

(၃) ထုတ်လုပ်သည့်ခုနှစ် (Model Year)

(၄) ထုတ်လုပ်သည့်နိုင်ငံ (Country of Origin)

(၅) စက်၏ သုံးစွဲသည့် စွမ်းအင် သို့မဟုတ် လောင်စာ (လျှပ်စစ်၊ ရေနွေးငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့စသည်များ)

(ခ) စက်ပစ္စည်း၏ အသုံးပြုနိုင်သည့် အရည်အသွေးသည် နည်းပညာ ၈၀% ထက် မနည်းသော အရည်အသွေးရှိရမည်။

(ဂ) စက်မှုဖွံ့ဖြိုးပြီးသည့်နိုင်ငံမှ ခေတ်မီနည်းပညာဖြင့် ထုတ်လုပ်သောစက်ပစ္စည်း ဖြစ်ရမည်။

(ဃ) စက်ပစ္စည်း၏ သုံးစွဲနိုင်သည့် ကြံ့ခိုင်မှု (Running Condition) နှင့်စပ်လျဉ်း၍ ဆိပ်ကမ်းဆိုက်ရောက်သည့် ရက်မတိုင်မီ ခြောက်လအတွင်း စစ်ဆေးထားသော သင်္ဘောမတင်မီစစ်ဆေးခြင်းလက်မှတ် (Pre-shipment Inspection Certificate) ပါရှိရမည်။

(င) အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့်သက်ဆိုင်သည့် စက်ပစ္စည်း ဖြစ်ပါက မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်၊ စတော့ဟုမ်းကွန်ဗင်းရှင်း၊ ဘာဆယ် ကွန်ဗင်းရှင်းများအရ သတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်ပါရှိရမည်။

၃။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) သည် အသုံးပြုပြီးသည့်နှစ် ၁၀ နှစ်ထက် ကျော်လွန်နေသော်လည်း အရည်အသွေးမြင့်မားခြင်း၊ စက်စွမ်းရည် (Capacity) ကောင်းမွန်ခြင်း၊ ထုတ်လုပ်မှုနည်းစဉ် တိုးတက်ခြင်းတို့ကြောင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ အသိ အမှတ်ပြုထားသော အငယ်စား၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (Micro, Small and Medium Enterprises-MSME)နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ သက်ဆိုင်ရာလုပ်ငန်းခွင်များနှင့် သင့်လျော်ပါက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် တင်သွင်း ရမည်။

၄။ အသုံးပြုပြီးစက်ပစ္စည်းများကို ပင်လယ်ရေကြောင်းမှ တင်သွင်းရမည်။

၅။ အောက်ပါ အသုံးပြုပြီးစက်ပစ္စည်းများကို တင်သွင်းခြင်းမပြုရ-

(က) ကုန်ထုတ်လုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသော (ရေခဲသေတ္တာ၊ လေအေး ပေးစက်၊ အဝတ်လျှော်စက်၊ မိုက္ကရိုဝေ့ဖ်၊ တီဗွီ အစရှိသည့်) အိမ်သုံးစက် ပစ္စည်းများ (Home appliances) ၊

(ခ) မိမိ၏ကုန်ထုတ်လုပ်ငန်းတွင် အသုံးပြုရန်မဟုတ်ဘဲ စီးပွားဖြစ်ပြန်လည် ရောင်းချ ရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းမည့် အသုံးပြုပြီးစက်ပစ္စည်းများ။

၆။ လျှောက်ထားသူသည် တင်သွင်းလာသော အသုံးပြုပြီးစက်ပစ္စည်းကို လျှောက်ထား ချက်ပါအချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ စစ်ဆေး မှုကို ခံယူရမည်။

၇။ အပိုဒ် ၆ ပါ စစ်ဆေးချက်အရ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စိစစ်တွေ့ရှိ ပါက သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

၈။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များအား တင်သွင်းခွင့်ပြုခြင်းအား ပြည်တွင်းလိုအပ်ချက်၊ ဈေးကွက်အနေအထား၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အခြေအနေ အစရှိသည်တို့အပေါ် မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၄/ ၂ - ၃၇ / ၂၀၂၀ ( ၂ )
ရက် စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ညွှန်ကြားရေးမှူးချုပ်၊ } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း
မော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

( မြင့်လွင် )
ညွှန်ကြားရေးမှူးချုပ်